ဘီလူး။

ကျွန်တော့အတွက်တော့ မှတ်တိုင်တစ်ခုအနေနဲ့ လူတွေပြောဆိုနေကြတုန်းပါ။

ဘီလူးဆိုတာ ကျွန်တော့်အတွက်တော့ ဝတ္ထုအနေနဲ့သာမက ရုပ်ရှင်အနေနဲ့ပါ အောင်မြင်မှုတွေ ဆောင်ကျဉ်းပေးခဲ့ပါတယ်။

အခုနေပြန်စဉ်းစားကြည့်တော့ ဒီဝတ္ထုကို ကျွန်တော်ဘယ်လို တွန်းအားမျိုးနဲ့ ရေးခဲ့တယ်ဆိုတာ မမှတ်မိတော့ပါဘူး။

လူတွေအသိအမှတ်မပြုခင် ကျွန်တော့်အနေနဲ့ လုံးချင်းဝတ္ထုတွေရေးဖို့ အကြံအစည်မရှိခင်ကတည်းက ခေတ်သစ်ဆိုတဲ့မဂ္ဂဇင်းမှာ ဘီလူးဆိုတဲ့ ဝတ္ထုအတိုအပိုင်းအစ နှစ်ပုဒ်သုံးပုဒ်ရေးမိရာကစပြီး ဝတ္ထုကြီးတစ်အုပ်လုံးကို ပြီးသည်အထိ အဆုံးသတ်နိုင်ခဲ့ပါတယ်။





နောက်ပြီး ဒီစာအုပ်ကို တကယ်ထုတ်ဝေတဲ့အခါမှာ ကျွန်တော်ရေးထားတာ ထူထဲလွန်းနေတဲ့အတွက် နှစ်အုပ်ခွဲပြီး ထုတ်ဝေခဲ့ပါတယ်။

"ဘီလူး"

"ရီတန်းအော့(ဖ်) ဘီလူး"

အမှန်တော့ ဒီနှစ်အုပ်လုံးဟာ ဇာတ်လမ်းက တစ်ဆက်ထဲပါပဲ၊ ဒါပေမယ့် အခြေအနေနဲ့အချိန်အခါအရ နှစ်အုပ်ခွဲပြီး ထုတ်ခဲ့ရပါတယ်။

ကျွန်တော့်ကိုလည်း လူတွေအသိအမှတ်မပြုသေးချိန်၊ အဲဒီအချိန်မှာ ဒီလောက်ထူထဲတဲ့ ဝတ္ထုကြီးကိုထုတ်လိုက်ရင် လူတွေအနေနဲ့ ကိုင်တောင်ကြည့်ကြလိမ့်မယ် မထင်ပါဘူး။

အခုတော့ တစ်ပေါင်းတစ်စည်းထဲ ပြန်လည်စုစည်းလိုက်ပါပြီ။

ဘီလူးဆိုတာ လူတွေထဲမှာရှိနေတဲ့ လူတစ်ယောက်ပါပဲ။ အဲဒီလူတစ်ယောက်ဟာ ကျွန်တော့်ရောင်းရင်းထဲမှာရော၊ ကျွန်တော့် ညီကိုမောင်နှမနဲ့ ဆွေမျိုးသားချင်းထဲမှာရော နောက် ကျွန်တော်တို့ရဲ့ပတ်ဝန်းကျင်မှာရော တကယ်ရှိနေတဲ့သူပါပဲ။ဘာကြောင့်လဲဆိုတော့. .

ဘီလူးရဲ့အပြုအမူမျိုးကို ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ အမြဲတမ်း တွေ့နေရတတ်မှာပါ။

နွေးထွေးမှု၊ ရင့်ကျက်မှု၊ ကရော်ကမယ်နိုင်မှု၊ ကလေးဆန်မှု၊ မတူညီတဲ့ အပိုင်းအစတွေဟာ လူတွေထဲမှာ အမြဲပျံ့လွင့်နေကျပါ။

အဲဒီအပြုအမူတွေအားလုံးကို ဖမ်းဆုပ်ပြီး ကျွန်တော်ဟာ ဇာတ်ကောင်တစ်ယောက်ထဲမှာပဲ သိပ်သည်းထည့်သွင်းခဲ့ပါတယ်။

ဒါကြောင့် ဘီလူးဟာ အပြင်မှာ တကယ်ရှိတဲ့ လူလားဆိုတာ၊ ပြောရခက်သလို၊ အပြင်မှာရှိတဲ့ လူအမျိုးအစားတစ်မျိုး ဆိုတာတော့ ဝန်ခံလို့ရပါတယ်။





ကျေးလက်ရနံ့နဲ့ မြန်မာ့စိတ်ရင်း၊ သားချင်းများအပေါ် ချစ်စိတ်နဲ့ ဖောက်ထွက်သော သဘောတရား၊ ဒါတွေဟာ ဘီလူးရဲ့ကိုယ်သင်းနံ့တွေပဲ ဖြစ်ပါလိမ့်မယ်။ ဒါဟာ လူထဲကလူတစ်ယောက်ရဲ့ အရှုပ္ပလဲ ဖြစ်ပါတယ်။

ဘီလူးကို ကျွန်တော်ဖန်တီးခဲ့စဉ်က ဘယ်သူဘယ်ဝါ တစ်ယောက်တည်းကိုကြည့်ပြီး ဖန်တီးခဲ့တာမဟုတ်ပါဘူး။ အားလုံးကိုခြုံငုံသုံးသပ်ပြီး ရသတစ်မျိုးကို ချက်လုပ်ခဲ့တာပါ။ ဒါပေမယ့် ကိုယ်မမီလိုက်တဲ့ ခေတ်ကာလတစ်ခုကို အခြေခံတဲ့အတွက် အနည်းငယ်တော့ အတိမ်းအစောင်းရှိနိုင်ပါတယ်။ ဒါကိုလဲ ငယ်စဉ်ကတည်းက ရေးခဲ့တဲ့စာမို့ ဘာမှပြန်လည်ပြင်ဆင်တည်းဖြတ်ခြင်း မပြုဘဲ၊ အရင်အတိုင်း ပြန်လည်ဖော်ပြလိုက်ပါတယ်။

ဒါဟာ ကျွန်တော့်အတွက်တော့ အမှတ်တရပါပဲ။

ကဲ. . ဘီလူးဆိုတာ ဘယ်လိုလူမျိုးလဲ သိရအောင် နောက်တစ်မျက်နှာကိုပဲ လှန်ကြည့်လိုက်ကြပါ။

လေးစားစွာကြိုးစားလျက်
အကြည်တော်